ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စစ်ရေးသတင်း

## အကျဉ်းချုပ်

**23.4.2023**

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

| ရန်သူတပ်သားသေဆုံး | ရန်သူတပ်သားဒဏ်ရာရ |
|---|---|
| (၃) ဦး | (၃) ဦး |

## အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

### ချင်းပြည်နယ်

ဧပြီလ(၂၂)ရက်နေ့မနက်(၈)နာရီခန့်တွင် ဖလမ်းမြို့နယ်၊ ရိခေါ်ဒါရ်မြို့ အမှတ် (၂) ရပ်ကွက်သို့ လက်နက်အပြည့်အစုံဖြင့် ဈေးလာဝယ်သည့် အင်အား (၂၀)ဦးခန့်ပါ ရန်သူ့တပ်ဖွဲ့ဝင်များကို ဒေသခံကာကွယ်ရေးတပ်များက အပြန်လမ်းတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

### ပဲခူးတိုင်း

ဧပြီလ(၂၁)ရက်နေ့ညနေ(၄;၁၅)နာရီခန့်တွင် ပေါင်းတည်မြို့နယ်၊ မရိုးကျွန်းရွာနှင့် ဒိုးနွယ်ရွာကြား၊ သစ်ပုတ်အုပ်စုတွင် အစည်းအဝေးပြုလုပ်ပြီး ပေါက်ခေါင်းမြို့သို့ ပြန်လာသည့် ရန်သူ့တပ် ဗိုလ်မှူး၊ ဗိုလ်ကြီးများနှင့် တပ်ဖွဲ့ဝင် စုစုပေါင်း (၈)ဦးခန့် ပါဝင်သော အိမ်စီးကား နှင့် ဆိုင်ကယ်များကို ပြည်သူ့ကာကွယ်ရေးတပ်မတော် ပေါင်းတည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပြည်ခရိုင် ၃၆၀၁ PPDFတပ်ရင်း၊ တပ်ခွဲ ၁ (အဖွဲ့-၂)၊ တပ်ခွဲ၃၊ ၄၊ ၅ စုပေါင်းအဖွဲ့(Eagle)စစ်ကြောင်းက ပြောက်ကျားစနစ်ဖြင့် ကြားဖြတ်တိုက်ခိုက်ခဲ့ရာ ဗိုလ်ကြီးအပါအဝင် (၃)ဦးသေဆုံးပြီး ဗိုလ်မှူးအပါအဝင် (၃) ဦးဒဏ်ရာရရှိခဲ့သည်။ တိုက်ပွဲဖြစ်ချိန် မိနစ် (၂၀)ခန့်ကြာမြင့်ခဲ့ကာ ရန်သူ့တပ်က လက်နက်ကြီးနက်လက်ငယ်များဖြင့် ပြန်လည် ပစ်ခတ်ခဲ့သောကြောင့် တော်လှန်ရေးရဲဘော်များ ပြန်လည်ဆုတ်ခွာခဲ့ရပြီး ရဲဘော် (၁)ဦး မစိုးရိမ်ရ ဒဏ်ရာ ရရှိ ခဲ့သည်။ အလောင်းများနှင့်ဒဏ်ရာရသူများကို ဧပြီလ(၂၁)ရက်နေ့ည(၁၁)နာရီခန့်တွင် ပေါက်ခေါင်းဘက်မှ ကား (၁)စီး ဖြင့် လာသယ်သွားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

## ကရင်ပြည်နယ်

ဧပြီလ(၂၂)ရက်နေ့မနက်(၁)နာရီခန့်မှစတင်၍ မြဝတီမြို့နယ်တွင် ရန်သူ့တပ်က တိုက်လေယာဉ်ဖြင့် ဗုံးများဆက်တိုက်ကြဲချခဲ့သည်။တိုက်ပွဲ ဖြစ်ပွားခြင်းမရှိဘဲ ကျောက်တောင်ဒေသကို ရန်သူ့တပ်က အကြီးအကျယ်လေယာဉ်ဖြင့် ဗုံးကြဲချခဲ့ရာ ပထမအကြိမ်တွင် ဗုံး(၄)လုံး၊ ဒုတိလအကြိမ်တွင် ဗုံး(၂)လုံး၊တတိယအကြိမ်တွင် ဗုံး (၄)လုံး ထပ်ကြဲခဲ့ရာ စုစုပေါင်း (၁၀)လုံးခန့် ကြဲချခဲ့ကြောင်း သိရသည်။